# ရွှေ့ပြောင်းနေထိုင်သူ မိသားစုများ Medicaid နှင့် CHIP အကြောင်း သိထားရမည့် အရေးကြီးသော အချက်အလက်များ

Medicaid နှင့် ကလေးများ၏ ကျန်းမာရေး အာမခံ အစီအစဉ် (Children's Health Insurance Program - CHIP) က သင်နှင့် သင့်မိသားစုအတွက် အခမဲ့ သို့မဟုတ် ကုန်ကျစရိတ်နည်းသော ကျန်းမာရေး အာမခံကို စီစဉ်ပေးနိုင်သည်။ Medicaid နှင့် CHIP အာမခံအတွက် လျှောက်ခြင်းမှာ လုံခြုံပါသည်။

သင့်မိသားစုထဲတွင် ရွှေ့ပြောင်းနေထိုင်သူများ ပါဝင်ပါက၊ သင် သိထားသင့်သည့် အရေးကြီးသောအချက်အလက်များမှာ-

- ပြည်နယ် Medicaid နှင့် CHIP အေဂျင်စီများသည် ကျန်းမာရေး အာမခံကို လျှောက်ထားသူအတွက် လိုအပ်သည့် အချက်အလက်များကိုသာ စုစည်းခြင်း၊ အသုံးပြုခြင်း၊ နှင့် ဖွင့်ထုတ်ပေးခြင်း ပြုလုပ်နိုင်ပါသည်။
- သင်သည် အာမခံကို မလျှောက်ကြသည့် မိသားစုဝင်များအတွက် နိုင်ငံသားဖြစ်မှု သို့မဟုတ် ရွှေ့ပြောင်းနေထိုင်သူ အခြေအနေကို ဘယ်တော့မှမှ မျှဝေရမည် မဟုတ်ပါ။ သင်၏ လျှောက်လွှာတွင်၊ အာမခံကို မလျှောက်ကြသည့် မိသားစုဝင်များကို "လျှောက်မထားသူများ" ဆိုပြီး ဖေါ်ပြပေးနိုင်ပါသည်။
- သင် နှင့် သင့်မိသားစုဝင်များ၏ အချက်အလက်များကို လုံခြုံစွာ သိမ်းဆည်းထားပေးရန် Medicaid နှင့် CHIP သည် တင်းကြပ်သည့် ကိုယ်ရေးကိုယ်တာ ကာကွယ်မှုများကို ချမှတ်ထားပါသည်။ သင့်မိသားစုအား အာမခံအတွက် လျှောက်ရေးကို ကူညီပေးသူသည် သင့်မိသားစု၏ ကိုယ်ရေးကိုယ်များကို ကာကွယ်ပေးရန် တင်းကြပ်သည့် စည်းကမ်းချက်များကို လိုက်နာရပါသည်။ ထိုသူတို့ထဲတွင် ပြည်နယ် Medicaid နှင့် CHIP ဝန်ထမ်းများ၊ လိုက်လံ ပို့ပေးသူများ၊ လက်မှတ်ရ လျှောက်ထားရေး အကြံပေးများ၊ အေဂျင့်များ၊ ပွဲစားများ နှင့် ခေါ်ဆိုရေးစင်တာမှ ကိုယ်စားလှယ်များ ပါဝင်သည်။
- ယေဘုယျအားဖြင့်၊ Medicaid or CHIP အကျိုးခံစားခွင့်များကို လျှောက်ထားမှု၊ သို့မဟုတ် Marketplace တွင် ကျန်းမာရေး အာမခံအတွက် စုဆောင်းငွေကို ရယူမှုမှာ "အစိုးရမှ တာဝန်" ခံယူခြင်းနှင့် မဆိုင်ပါ။ ၎င်းသည် လူတစ်ဦး၏ တရားဝင် အမြဲတမ်း နေထိုင်သူ ဖြစ်လာရေး အခွင့်အလမ်းများကို မသက်ရောက်နိုင်ပါ။ နိုင်ငံသားဖြစ်ရန် အတွက် အစိုးရမှ တာဝန်ခံမှုကို စိစစ်ရန် မလိုအပ်ပါ။
    - တစ်ခုတည်းသော ခြွင်းချက်မှာ ဘိုးဘွားရိပ်သာကဲ့သို့ ဌာနတစ်ခုခုတွင် ရေရှည် စောင့်ရှောက်မှုကို အစိုးရစရိတ်ဖြင့် ရယူနေသူများ ဖြစ်ပါသည်။ ထိုသူတို့သည် အစိမ်းရောင်ကတ် ရယူရာတွင် အခက်အခဲများ ရင်ဆိုင်ရနိုင်ပါသည်။
    - ခဏကြာ နာလန်ပြန်ထူရေး ဌာနတွင် နေထိုင်ရမှုကို အစိုးရ တာဝန်ခံမှုကို ဆုံးဖြတ်ရာတွင် ထည့်မစဉ်းစားပါ။
    - CHIP အကျိုးခံစားခွင့်များကို မည်သည့် အခြေအနေမျိုးထဲမှာမှ အစိုးရ တာဝန်ခံမှုကို ဆုံးဖြတ်ရာတွင် ထည့်မစဉ်းစားပါ။

ပိုပြီး သိရှိလိုပါက၊ **1-877-KIDS-NOW (1-877-543-7669)** ခေါ်ဆိုပါ သို့မဟုတ် **InsureKidsNow.gov** တွင် **"Find Coverage for Your**

ဘာသာစကားဆိုင်ရာ အကူအညီကို အခမဲ့ ရရှိနိုင်ပါသည်။



Paid for by the U.S. Department of Health & Human Services

CMS Product No. 12127 BU
January 2022